**၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းနှိုင်းယှဉ်မှုအစီအစဉ် (ICP)၏**
**အာရှနှင့်ပစိဖိတ်ဒေသတွင်းရလဒ်များတင်ပြခြင်းဆိုင်ရာအစည်းအဝေး နှင့်**
**၂၀၂၀ပြည့်နှစ် ICP ကနဦး အစည်းအဝေးသို့**
**ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ရောက်**
**ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့**
**ဖေဖော်ဝါရီလ (၁၀) ရက်နေ့မှ (၁၁) ရက်နေ့အထိ**

ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့၌ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၁၀) ရက်နေ့ မှ (၁၁) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့သည့် National Implementing Agencies ခေါင်းဆောင်များ၏ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းနှိုင်းယှဉ်မှုအစီအစဉ် (ICP)၏ အာရှနှင့်ပစိဖိတ်ဒေသတွင်းရလဒ်များ တင်ပြခြင်းဆိုင်ရာအစည်းအဝေးနှင့် ၂၀၂၀ပြည့်နှစ် ICPကနဦးအစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေး နှင့်စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဒေါ်ချိုချိုမြင့် တို့တက်ရောက်ခဲ့ပါသည်။

အဆိုပါ အစည်းအဝေးသည် ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဈေးနှုန်းနှိုင်းယှဉ်မှု အစီအစဉ် (ICP) ၏ ရလဒ်များကို ရှင်းလင်းတင်ပြရန်၊ အာရှနှင့်ပစိဖိတ်ဒေသအတွက် ၂၀၂၀ ပြည့်နှစ် ICP Cycle ကို အထောက်အကူဖြစ်စေမည့် Knowledge Support and Technical Assistance (KSTA)၏ ရည်ရွယ်ချက်များ၊ ၂၀၂၀ ပြည့်နှစ်တွင် ဆောင်ရွက်မည့် ကမ္ဘာလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာလုပ်ငန်း အစီအစဉ်များနှင့် အုပ်ချုပ်မှုမူဘောင်၊ နည်းပညာပိုင်းဆိုင်ရာလိုအပ်ချက်များ၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)နှင့် ICPကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဌာနများ၏ အခန်းကဏ္ဍနှင့် တာဝန်ယူဆောင်ရွက် ရမည့်ကိစ္စရပ်များကို သတ်မှတ်ဖော်ပြထားသည့် Framework of Partnership တို့ကို ဆွေးနွေးရန် ရည်ရွယ်၍ ကျင်းပခြင်း ဖြစ်ပါသည်။




CHO CHO MYINT
MYANMAR
SAN MYINT